# ခြေရာ



အဖြစ်အပျက်တွေဟာ
ပြောင်းလဲမှု ဖြစ်စဉ် သဘောတရားနဲ့ အတူ
ရွေ့လျားခြင်း နိယာမ အရ
ကြာခဲ့ပြီ ဖြစ်ပေမယ့်
ဒဏ်ရာတွေ ဗလပွနဲ့ သမိုင်းရထားဟာ
သူ့အလုပ် သူလုပ်ပြီး
မှန်မှန်ကြီး ခုတ်မောင်းလာခဲ့ပေါ့…။

ဘူတာစဉ်တွေမှာ
တက်သူတွေလည်း တက်
ဆင်းသူတွေလဲ ဆင်း
သူ့ ခရီး သူသွား သူ့ သဘော သူဆောင်
သူ့ သမိုင်း သူရေး ကြတာဘဲ။

ကဲ
မိတ်ဆွေ
ခင်ဗျားရော
ဘယ်လို သမိုင်းရေးမှာလဲ
ကိုယ့်သမိုင်း ကိုယ်ရေး ရမှာနော်
သမိုင်း ရထားကတော့
မရပ်မနား ရှေ့သို့ချီလျှက် …။

နေကြာ